# မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် လူထုပိုမိုအားကောင်းလာစေရန် ငွေကြေးထောက်ပံ့မှု စီမံကိန်းအသစ်မှ ၅ သိန်းကျော်ခန့်ရှိ ဒေသခံများအတွက်အကျိုးပြုနိုင်ရန် မျှော်မှန်း

**ဘားအံမြို့၊ ဇွန်လ ၁၂ ရက်၊ ၂၀၁၈။** ။အမေရိကန်ပြည်ထောင်စု၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ USAID မှ ကူညီထောက်ပံ့သည့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ လူထုစွမ်းအားမြင့်မားလာစေရေးအတွက် တိုးမြှင့်လုပ်ဆောင်ခြင်းစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် မွန်နှင့် ကရင်ပြည်နယ်မှ မိတ်ဖက်အဖွဲ့အစည်းတို့အား အလွန်အရေးပါသည့်ဝန်ဆောင်မှုများအတွက် ရန်ပုံငွေကြေး ချီးမြှင့်ခဲ့ပါသည်။ ၎င်းရန်ပုံငွေ ထောက်ပံ့မှုရရှိကြသည့်အဖွဲ့များမှာ ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန၊ ကရင်တိုင်းရင်းသားကျန်းမာရေးအဖွဲ့များအစုအဖွဲ့၊ Global Neighbors Thailand Foundation, Mae Tao Clinic နှင့် မွန်အမျိုးသားကျန်းမာရေးကော်မတီ (MNHC) တို့ဖြစ်ပါသည်။

ဤအလွန်အရေးပါသည့်ဝန်ဆောင်မှုများအတွက် ရန်ပုံငွေထောက်ပံ့မှုများကို အားနည်းထိခိုက်လွယ်သည့် လူ့အသိုင်းအဝိုင်းများအတွက်အပြင် ထိုင်း-မြန်မာနယ်စပ်တလျှောက်နှင့် ၊ လက်လှမ်းမှီရန် ခက်ခဲသောဒေသများရှိ နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ၅ နှစ်အောက်ကလေးများတို့အတွက် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို အဓိကဦးစားပေးဆောင် ရွက်ရေးကို ဦးတည်ပါသည်။

ယခုကဲ့သို့ ရန်ပုံငွေထောက်ပံ့မှုပေးအပ်ခြင်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ လူထုဖွံ့ဖြိုးရေးအတွက် ဦးစားပေးဖြေရှင်းစရာများကို ကိုင်တွယ်ဖြေရှင်းလုပ်ဆောင်လျှက်ရှိသည့်အဖွဲ့အစည်းများအား ထောက်ပံ့ပေးမှုအတွက် ကနေဦးရန်ပုံငွေကြေးထောက်ပံ့ချီးမြှင့်ခံရသူများနှင့် ကယား(ကရင်နီ)ပြည်နယ် လွိုင်ကော်မြို့တွင် ဖေဖော်ဝါရီလက လက်မှတ်ရေးထိုးခဲ့ခြင်း၏ အဆက်လည်းဖြစ်ပါသည်။ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ဂျဲန်ဒါ နှင့် လူငယ်ရေးရာကဏ္ဍများတွင် စီမံကိန်းလုပ်ငန်းများဖြင့်ကြားဝင်ဖြေရှင်းလုပ်ဆောင်ခြင်းကြောင့် ခန့်မှန်းခြေလူဦးရေ ၅ သိန်းကျော်တို့က အကျိုးခံစားရမည်ဟုမျှော်လင့်လျှက် အလွန်အရေးပါသည့်ဝန်ဆောင်မှုများအတွက် ရန်ပုံငွေကြေးထောက်ပံ့မှုစုစုပေါင်း ရှစ်ခု ပေးအပ်ခဲ့ပါသည်။

အဆိုပါစီမံကိန်းအောက်မှ စီမံကိန်းအဆိုပြုလျှောက်လွှာများကို ဇူလိုင်လတွင် ထပ်မံခေါ်ယူမည်ဟုလည်း ခန့်မှန်းထားပါသည်။ ဤသို့ခေါ်ယူသည့် ရန်ပုံငွေထောက်ပံ့မှုအခွင့်အလမ်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းအတွင်းရှိ တိုင်းရင်းသားများစီမံအုပ်ချုပ်သည့်နယ်မြေများနှင့် အစိုးရနှင့် တိုင်းရင်းသားလူမျိုး စုပေါင်းစီမံအုပ်ချုပ်သည့် ဒေသများတွင် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ပေးနိုင်စေရန်အတွက် ကူညီထောက်ပံ့ ပေးမည်ဖြစ်သည်။ ရန်ပုံငွေထောက်ပံ့မှုကို အောင်မြင်ရရှိသည့် အဖွဲ့အစည်းများသည် အဆိုပါဝန်ဆောင်မှုများကို အကောင်အထည်ဖော်ဆောင် ထောက်ပံ့ပေးကြမည့်အပြင် ရပ်ရွာလူထုများ၏ လိုအပ်ချက်များအတွက် တိုးမြှင့်တုန့်ပြန်မှုနှင့် တာဝန်ယူခံမှုတို့ကို ထောက်ပံ့ပေးရန်၊ ဘေးဖယ်ခံထား ရသည့်လူများ/အုပ်စုအဖွဲ့များတို့၏ ပူးပေါင်းပါဝင်ခွင့်ရှိမှု တိုးတက်လာစေရန်နှင့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ဆက်လက်ရရှိနိုင်မှု သေချာစေရန်အတွက် ရွေးချယ်စရာနည်းလမ်းများကို ဆက်လက်လုပ်ဆောင်သွားနိုင်စေရန် စသည်တို့အတွက်လည်း ဤစီမံကိန်းလုပ်ငန်း၏ ပူးပေါင်းအဖွဲ့ဝင်များ (Consortium members) နှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

လူထုစွမ်းအားမြင့်မားလာစေရေးအတွက် တိုးမြှင့်လုပ်ဆောင်ခြင်း စီမံကိန်းသည် USAID က ထောက်ပံ့သည့် အမေရိကန်ဒေါ်လာ ၄၈ သန်းရှိ ငါးနှစ်စီမံကိန်းဖြစ်ပြီး ပက် အဖွဲ့အစည်း (Pact) နှင့်အတူ Community Partners International, Mercy Corps နှင့် Save the Children International တို့က အတူတကွပူးပေါင်း အကောင်အထည်ဖော်ဆောင်လျှက်ရှိသည်။ ထို့ပြင် ရပ်ရွာလူထုဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးဆောင် ရွက်စရာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေသတွင်းနှင့် ဒေသခံအဖွဲ့အစည်းများအမျိုးမျိုး၊ ဝန်ဆောင်မှုပေးသူများနှင့် အခြားသောအဖွဲ့ အစည်းအမျိုးမျိုးတို့နှင့်လည်း မိတ်ဖက်ဖွဲ့ဆောင်ရွက်မည်။ စီမံကိန်းတွင် လွှမ်းခြုံနိုင်မည်ဟု ခန့်မှန်းထားသည့် နယ်မြေဧရိယာများတွင် ကယား/ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးမြောက်ပိုင်းတို့ ပါဝင်သည်။

**ဆက်သွယ်ရန်**


**ရန်ကုန်ရုံး**
Ben Manser
Communications Coordinator, Pact
bmanser@pactworld.org
0996 6709 384

**ဘားအံရုံး**
**ဦးမိုးခိုင်**
Multimedia Specialist, Pact
mkhaing@pactworld.org
0979 4680 532